

နေဇင်သော်
ဖုန်းဟောင်းကလေး

# အခန်း (၁)

ယခုခေတ်မှာ လူကြီး လူရွယ် လူငယ်မရွေး လူတိုင်းလိုလို ကိုယ်ပိုင် ဖုန်းကိုင်ပြီး facebook သုံးနေကြသည့် ခေတ်။

ဤသို့ လူတိုင်းနီးပါး ကိုယ်ပိုင် ဖုန်းကိုင်ပြီး facebook သုံးနေကြသော်လည်း ထူးမြတ် တစ်ယောက်မှာ တော့ ကိုယ်ပိုင်ဖုန်း ကိုင်နိုင်ဖို့ က အိမ်မက် မက်နေရုံသာပင်။

ညီ၊ ညီမတွေ၏ စားဝတ်နေရေး ကျူရှင်လခ၊ အိမ်လခ၊ ကျန်းမာရေး ချို့တဲ့ သည့် မိခင်၏ ဆေးဖိုး စသည် တို့ ၏ ဝန်ကို ဖခင်နှင့်အတူ သူ ထမ်းပိုးနေရသည် ။

မိသားစု စားဝတ်နေရေးအတွက် ဖခင်ရှာရသည့် ငွေတစ်ခုတည်းနှင့် မလောက်ငှသည့် အတွက်ကြောင့် ရှစ်တန်းနှစ်မှာ ပင် ကျောင်းထွက်ကာ ပန်းရံဆိုက် တစ်ခုတွင် တစ်နေကုန် အုတ်သယ် မဆလာသယ်ပြီး ပင်ပင်ပန်းပန်း ငွေရှာခဲ့ရသည် ။

ယခုဆို သူ၏ အသက်(၂၀)ပင် ရှိလို့ လာခဲ့ပြီ။ သည် အရွယ်က လှချင် ပချင်သည့်အရွယ်၊ သူများ သုံးသလို သုံးချင်သည့် လိုချင်သည့် အရွယ်။

သူငယ်ချင်းတွေက ဖုန်းကိုယ်စီနှင့်မို့ ထူးမြတ်တစ်ယောက် ကိုယ်ပိုင် ဖုန်းလေးတစ်လုံး လိုချင်စိတ် အရမ်းပြင်းပြနေခဲ့သည် ။ ထို့ကြောင့်

သည် တစ်ပတ် ပိုက်ဆံထွက်လျှင် ဖြစ်ချင်ရာဖြစ် ဖုန်းဝယ်မည်ဟု ဆုံးဖြတ်ချက် ချလိုက်၏။

သည် ကနေ့ လုပ်အားခ ရှင်းပေးပြီ ဖြစ်သောကြောင့် ရရှိလာသည့် ငွေငါးသောင်းကို ဝမ်းသာ အားရယူပြီး ဖုန်းအရောင်းဆိုင်သို့ ထူးမြတ် တစ်ယောက် ခြေဦးလှည့်လိုက်၏။

သူ့ထံရှိသည့် ငွေပမာဏလောက်နှင့် ဖုန်းအသစ် တစ်လုံးဝယ်နိုင်ဖို့က မဖြစ်နိုင်သည့်အတွက် second ဖုန်းအရောင်းဆိုင်သို့သာ ထူးမြတ် ဝင်လာလိုက်သည် ။

"ဘာအလိုရှိလဲညီ"

"ဖုန်းကြည့်ချင်လို့ ပါခင်ဗျ"

"စိတ်ကြိုက် ကြည့်ပါ ညီ"

"ဟုတ်ကဲ့"

မှန်အိမ်ထဲ ထည့်ထားသည့် တံဆိပ်အမျိုးမျိုးနှင့် ဖုန်းမျိုးစုံကို ထူးမြတ် လိုက်လံ ကြည့်နေလိုက်သည် ။ ထိုအထဲမှာ မှ SAMSUNG ဖုန်း အဖြူ ရောင်လေး တစ်လုံးကိုတွေ့ပြီး ထူးမြတ် သဘောကျသွားသည် ။

" ကျွန်တော့် ကို ဒီဖုန်းလေး ထုတ်ပြပေးပါ အကို"

ဖုန်းရောင်းသည့် သူလည်း မှန်အိမ်ထဲမှ ထိုဖုန်းကိုထုတ်ပြီး ထူးမြတ်ကို ပေးလိုက်ကာ

"SAMSUNG J2 ဖုန်းလေးပါ ညီ၊ ဒီဖုန်းက တစ်ပတ်ရစ်ဆိုပေမယ့် အသစ်အတိုင်း ရှိသေးတာ၊ ဘက်ထရီလည်း ခံတယ်၊ သုံးလည်းကောင်းတယ်၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကမှ ရောင်းဖို့ အတွက် အစ်ကို့

သူငယ်ချင်း လာပို့ထားတာ၊ ညီယူမယ်ဆို ဒီဖုန်းလေးကိုပဲ ယူ လိုက်လေ
"

ဖုန်းကို မြင်မြင်ချင်း ထူးမြတ် သဘောကျနေတာရော ဆိုင်ရှင် အပြော ကောင်းတာရောကြောင့် သည် ဖုန်းကိုပဲ ယူဖို့ ဆုံးဖြတ်လိုက်၏။

"ဒီဖုန်းကို သဘောကျတယ်ဗျ ၊ ဈေးအဆင်ပြေမယ်ဆို ယူမယ်၊ ဘယ်လောက်လဲ မသိဘူးဈေးက"

"လေးသောင်းပဲ ပေးပါ ညီ"

လက်ထဲတွင် ငွေငါးသောင်း ရှိနေသဖြင့် ထိုဖုန်းဝယ်ရန် အဆင်ပြေသွားသည် ။

"ဒီမှာ အကိုလေးသောင်း"

"ဆင်းကဒ်ရော ဝယ်ဦးမလား"

"ဟုတ်ကဲ့ တစ်ခါတည်း ထည့်ပေးပါ အစ်ကို၊ ပြီးတော့ facebook သုံးဖို့ အတွက် အကောင့်လျှောက်ပြီး တစ်ခါတည်း ထည့်ပေးပါလား၊ သုံးပုံသုံးနည်းလေးလည်း သင်ပေးပါနော်၊ တစ်ခါမှ ဖုန်းမကိုင်ဖူးလို့ ဘာမှ နားမလည်ဘူး ဖြစ်နေတယ်ဗျ"

ထူးမြတ်အပြောကြောင့် ဖုန်းရောင်းသည့် သဘောကျစွာ ပြုံးလိုက်ပြီး

"ဘာမှ စိတ်မပူနဲ့ ညီ တစ်ခါတည်း ကျွမ်းသွားအောင်ကို သင်ပေးမှာ
"

"ဟုတ်ကဲ့ ကျေးဇူးပါ အစ်ကို"

ဖုန်းရောင်းသည့် သူဆီမှ မည်သို့မည်ပုံ သုံးရမည်များကို သင်

ပြီးသည် နှင့် ဖုန်းကို ယူကာ ဝမ်းသာအားရဖြင့် ဆိုင်မှ ထူးမြတ် ထွက်လာလိုက်သည် ။

နေ့လည် က ဝယ်လိုက်သည့် ဖုန်းလေးကို ဖွင့်ကာ ထူးမြတ်တစ်ယောက် တစ်ခါမှ မသုံးဖူးသည့် facebook ထဲမှ ဟိုဟိုဒီဒီ လိုက်ကြည့်ရင်း သဘောကျ နေလေသည် ။ အတန်ကြာ ကြည့်ပြီး သောအခါ ငိုက်မြည်းလာသဖြင့် ဖုန်းပိတ်လိုက်ပြီး ဘေးနားတွင် ချထားလိုက်ကာ အိပ်လိုက်တော့သည် ။

တစ်ဖြည်းဖြည်းနှင့် ညသန်းခေါင်းကျော်သို့ ရောက်လာခဲ့ပြီ။ ထူးမြတ်လည်း နေ့လည်က အလုပ်ထဲတွင် ပင်ပန်းထားသဖြင့် ဟောက်သံပင် ထွက်သည် အထိ အတော်လေး အိပ်မောကျနေလေ၏။

ထိုစဉ် ထူးမြတ်၏ ဘေးနားရှိ ဖုန်းသည် မည်သူတစ်ဦး တစ်ယောက်မှ မဖွင့်ပါပဲနှင့် အလိုလို ပွင့်လာခဲ့၏။ ထို့နောက် တစ်ယောက်ယောက် အသုံးပြုနေသည့်နှယ် ဟိုဟိုဒီဒီ အလိုလို ပေါ်လာခဲ့၏။

ဤသည် ကို အိပ်မောကျနေသော ထူးမြတ်တစ်ယောက် မသိခဲ့ပေ။

မိုးလင်းခါနီး အချိန်မှ သာ ထိုပွင့်နေသော ဖုန်း ပြန်ပိတ်သွားခဲ့၏။

မနက်အလုပ် ဆင်းရန် ပြင်ဆင်ပြီးသောအခါ ဖုန်းကိုယူပြီးဖွင့် ထူးမြတ် ဖွင့်ကြည့်လိုက်၏။

"ဟာကွာ နေ့လည် အလုပ်နားချိန်လေး အပျင်းပြေ သုံးပါမယ်ဆိုမှ အားကလည်း ကုန်နေတယ်"

ဖုန်းအားကုန် နေသဖြင့် အိမ်မှာ ပဲ အားသွင်းခဲ့ပြီး အလုပ်သို့ ထူးမြတ် ထွက်လာ လိုက်တော့သည် ။

***